**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၃၁ / ၂၀၂၂

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

( ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အပါအဝင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂) ပါ သဘောတူညီချက်များ၊ ဆက်လက်ဆွေးနွေးရမည့်အစိတ်အပိုင်း (၃) ဇယား (၂) ပါ အချက်များနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ဖော်ထုတ်ပြုစုတင်ပြရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အပါအဝင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂) ပါ သဘောတူညီချက်များ၊ ဆက်လက်ဆွေးနွေး ရမည့် အစိတ်အပိုင်း (၃) ဇယား (၂) ပါ အချက်များနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ဖော်ထုတ်ပြုစု တင်ပြရေးအဖွဲ့” ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဗိုလ်ချုပ် တောက်ထွန်း | အဖွဲ့ဝင် |
| (ဂ) | ဗိုလ်ချုပ် စိုးနိုင်ဦး | အဖွဲ့ဝင် |
| (ဃ) | ဗိုလ်မှူးကြီး အောင်ခင်သိန်း<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ဗိုလ်မှူးကြီး ဝဏ္ဏာအောင် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အပါအဝင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂) ပါ သဘောတူညီချက်များ၊ ဆက်လက်ဆွေးနွေးရမည့်အစိတ်အပိုင်း (၃) ဇယား (၂) ပါ အချက်များနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ဖော်ထုတ်ပြုစုတင်ပြရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများတွင် နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂/၃) တို့သည် NCA သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်လည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်လည်းကောင်း ကိုက်ညီမှု ရှိ/မရှိ ဆန်းစစ်လေ့လာသွားရန်နှင့် ကိုက်ညီမှုမရှိပါက မည်သို့လုပ်ဆောင်ရန်၊

(ခ) သဘောတူစာချုပ်အစိတ်အပိုင်း (၃)ပါ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား(၂) နှင့်ပတ်သက်၍ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ အဆိုပြုတင်ပြထားသည့်အချက်များအပေါ် နိုင်ငံတော်အစိုးရဘက်မှ အတတ်နိုင်ဆုံးလိုက်လျောဆောင်ရွက်ပေးနိုင်မည့်အချက်များ ပြုစုရန်၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ဒီမိုကရေစီနှင့်လည်းကောင်း၊ ဖက်ဒရယ်စနစ်နှင့်လည်းကောင်း ကိုက်ညီမှုမရှိသည့် အချက်/ ပုဒ်မများကို လေ့လာဖော်ထုတ်၍ နိုင်ငံရေးဆွေးနွေးပွဲရလဒ်များအရ အနာဂတ်တွင် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည့်အချက်/ ပုဒ်မများပြုစုရန်၊

(ဃ) ၎င်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ဇယား (၁)/ (၂) / (၃)/ (၅) တို့တွင်ပါရှိသော ဥပဒေပြုစာရင်းများကို အသေးစိတ်လေ့လာပြီး လိုအပ်သည့် အကြံပြုချက်များ ပြုစုရေးသားရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး